အသေးစိတ်သင်ယူမှုရလဒ်။ ။ "ဒ" ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဒ"ဗျည်း အသံနှင့်အမည်ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- ဆရာက "ဒ"ဗျည်းကို ရွတ်ဆိုပါက "ဒထွေး" ဟူ၍ အသံထွက်ရကြောင်း ပြောပြပါ။

**"ဒ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်းအတိုင်း ပြုလုပ်ပါစေ။
- ဥပမာ(ဒရယ်၊ ဒသမတန်း၊ ဒလမြို့)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဒ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဒ"ဗျည်းကို ကူးရေးခြင်း(မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းအက္ခရာများကို ခွဲခြားတတ်ရန်။

လုပ်ငန်းစဉ်။ ။**ဆရာခေါ်ပေးသည့် ဗျည်းတို့ကို ဝိုင်းစေခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့်အတိုင်း ဝိုင်းပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။Mအက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **Mအက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "M" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"M"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးများသွားလာလှုပ်ရှားမှုကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငါးများသွားလာလှုပ်ရှားပုံကိုဆွေးနွေးခြင်း (မိနစ် ၃၀)**

- ကလေးများနှင့် အပြန်အလှန်ဆွေးနွေးပါ။
- လူတွေလမ်းလျှောက်တဲ့အခါ ဘာနဲ့လျှောက်သလဲ။
- ငါးတွေရော လမ်းလျှောက်တဲ့အခါ ဘာနဲ့လျှောက်သလဲ။
- ဘယ်လိုလျှောက်သလဲ။(ရေယက်နဲ့ရေကူး)
- ဆရာက ရေယက်နှင့်ရေကူးတာသည် ငါးလမ်းလျှောက်တာဖြစ်ကြောင်း ပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၄ ထိကိန်းများကိုစီစဉ်တတ်၊ယှဉ်တွဲတတ်၊ ရေးတတ်စေရန်။

လုပ်ငန်းစဉ်။ ။**၁၄ကိန်းကို ဖတ်ခြင်း၊ စီခြင်း (မိနစ် ၃၀)**

- ဆရာ၏ စားပွဲပေါ်တွင် ၁ မှ ၁၄ ထိ ကိန်းကတ်ပြားများကို တင်ထားပါ။
- ၁ မှ ၁၄ထိ ကိန်းကတ်ပြားများချိတ်ရန် တန်းကိုသင်ပုန်းပေါ်တွင်ပြုလုပ်ထားပါ။
- ကလေးတစ်ဦးအားခေါ်၍ တန်းပေါ်တွင် ၁ မှ ၅ ထိ ကိန်းကတ်ပြားများကို အစဉ်လိုက် ချိတ်ပါစေ။
- ကလေးတစ်ဦးအား ထပ်ခေါ်၍ ၆ မှ ၁၀ ထိ ကိန်းကတ်ပြားများကို အစဉ်လိုက် ချိတ်ပါစေ။



DBE BOX

- ကလေးတစ်ဦးအား ထပ်မံခေါ်၍ ၁၁ မှ ၁၄ ထိ ကိန်းကတ်ပြားများ ချိတ်ပါစေ။ ၁ မှ ၁၄ ထိကို ကလေး အားလုံးနှင့်အတူ ရေတွက်ပါ။
- ထို့နောက်ဆရာ၏စားပွဲပေါ်တွင် ၁ မှ ၁၄ ထိ ကိန်းကတ်ပြားတစ်စုံကို တင်ထားပါ။
- ဆရာက တန်းပေါ်တွင် ကိန်းလေးခုခန့် (ဥပမာ- ၄၊ ၁၀၊ ၁၄)ကို နေရာချန်ထားပြီး ချိတ်ပါ။ လိုနေသောကိန်းများကို ကလေးများအား အလှည့်ကျ လာရောက်ထည့်ပါစေ။ အားလုံးချိတ်ပြီးပါက ကလေးများအား အစဉ်လိုက်ဖတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**အရောင်ခြယ်ခြင်း (မိနစ် ၃၀)**

- ဆွဲပြီးသိမ်းထားသောပုံများကို ကလေးတစ်ဦးချင်း ပြန်ပေးပါ။
- ပုံများကိုကလေးများစိတ်ကြိုက်အရောင်များခြယ်ပါစေ။
- အရောင်များခြယ်ပြီးလျှင်ခြယ်ထားသောအရောင်များကို ပြောပါစေ။

## ဒုတိယပတ်

**တနင်္လာနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကို ဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"သီတင်းကျွတ်ရောက်ပြီ"ပုံပြင်ကိုကလေးများမှတ်မိသလောက်ဖတ်စေခြင်း(မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"အ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"အ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

**အသေးစိတ်သင်ယူမှုရလဒ်။** ။ "အ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"အ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။
- ဆရာက "အ"ဗျည်းကို ရွတ်ဆိုပါက "အ"ဟူ၍ အသံထွက်ရကြောင်းပြောပြပါ။

**"အ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။
- (ဥပမာ-အဖေ၊ အစားအစာ၊အလံ၊ အဘိုး၊ အဘွား၊ အဖုံး)

အသေးစိတ်သင်ယူမှုရလဒ်။ ။"အ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"အ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"M"အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။"M"**အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (မိနစ် ၃၀)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးများ၏ ပုံသဏ္ဍာန် အရွယ်အစားကို ခွဲခြားပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငါးများ၏ ပုံသဏ္ဍာန်နှင့် အရွယ်အစားကို ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ကလေးများအား ငါး၏ အစိတ်အပိုင်းကို ပြန်ပြောပါစေ။
- ဆရာက ငါးတစ်ကောင်နှင့် တစ်ကောင်တူလား။ ဘာတွေတူတာလဲ။ ဘာတွေမတူတာလဲမေးပါ။
- ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ ငါးများ၏ ပုံသဏ္ဍာန်နှင့် အရွယ်အစားကို ပြောပြပါစေ။ (အလှမွေးငါး၊ အဝိုင်း/အရှည်၊ အကြေးခွံပါ/မပါ . . . . စသည် ပြောပါစေ။)

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၅ ကိန်းကိုရေတွက်တတ်၊ ဖတ်တတ်၊ ရေးတတ်စေရန်။

လုပ်ငန်းစဉ်။ ။ **၁၅ကိန်းကိုဖတ်ခြင်း၊ ရေးခြင်း (မိနစ် ၃၀)**

**ကိန်းဖတ်ခြင်း (၁ မှ ၁၅ထိ)**

- ပိုက်ချောင်း(သို့)မျိုးတူပစ္စည်း၁၅ခုကိုယူပါ။
- ၁မှ ၁၀ ထိ ကလေးများနှင့်အတူရေတွက်ပြပါ။
- ၎င်း မှ ၁၀ခုကိုစည်းပြီးရရှိလာသော တစ်စည်းနှင့် ၅ခုကို ကိန်းကတ်ပြားနှင့်ယှဉ်ပြကာ မည်သို့ဖတ်ကြောင်းပြန်မေးပါ။ တစ်ဆယ်နှင့် ငါး၊ တစ်ဆယ့်ငါးဟုဖတ်ကြောင်းပြောပါ။
- ထို့နောက်သင်ပုန်းပေါ်တွင် ၁၅ ကိုရေးပါ။
- ကိန်းကိုထောက်ပြပြီး တစ်ဆယ့်ငါး ဟုဖတ်ပါစေ။
- ကလေးများအားကျောခိုင်း၍ ၁၅ ကို လေထဲတွင် ရေးပြပါ။
- ကလေးများအားလေထဲတွင်လိုက်ရေးပါစေ။ သုံးကြိမ်ခန့်ပြုလုပ်ပါစေ။

**ကိန်းရေးခြင်း**

- ကလေးတစ်ဦးချင်း၏ စာအုပ်တွင် ၁၅ ကိန်းကို ရေးပေးပါ။
- ၁၅ ကိန်းကိုစာအုပ်တွင် ကူးရေးပါစေ။
- ၁၁ မှ ၁၅ ထိ ကိန်းများကိုစာအုပ်တွင်ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ငါးကလေး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- ကလေးအားလုံးကိုစက်ဝိုင်းပုံရပ်စေပြီးဆရာက ကလေးများ အလယ်တွင် ရပ်ပါ။
- ဆရာက ငါးကလေးတွေ ကဗျာကိုအသံနေအသံထားဖြင့် ၂ ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့် ထပ်ဆိုပြပါ။
- ဆရာက ကလေးများနှင့်အတူ အမူအရာဖြင့်ဆိုပါ။ ကလေးများကဗျာကို အမူအရာနှင့်ဆိုပါစေ။
- ရွေးထွက်ပြီးဆိုချင်သော ကလေးကိုဆိုပါစေ။
- ဤနည်းအတိုင်းကလေးများ စိတ်ကြိုက်ဆိုပါစေ။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"အ"ဗျည်းကို ပိုမိုမှတ်မိစေရန်။

လုပ်ငန်းစဉ်။ ။**အက္ခရာကတ်များလှည့် ကစားနည်းဖြင့်ကစားခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော အက္ခရာကတ်များလှည့် ကစားနည်းဖြင့် ကစားပါစေ။

DBE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။"အ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"အ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

**အသေးစိတ်သင်ယူမှုရလဒ်။ ။ "အ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။**

လုပ်ငန်းစဉ်။ ။**"အ"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

**"အ"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"အ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"အ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "N" အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"N"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"N" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။"N"**အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးများ ပုံသဏ္ဍာန်နှင့် အရွယ်အစားကို ခွဲခြားပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ အကြေးခွံပါ/မပါ ဆွေးနွေးခြင်း (မိနစ် ၃၀)**

- ဆရာက ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြပြီး (အလှမွေးငါး၊ အဝိုင်း/ အရှည်၊ အကြေးခွံပါ/မပါ)သော ငါးများကို ကလေးများအား ပြောပါစေ။

**ပုံဆွဲခြင်း**

- ကလေးများသိသော အကြေးခွံပါသောငါး/ မပါသောငါးကိုပြောပါစေ။
- ဆရာက ရောင်စုံစက္ကူကိုအသုံးပြု၍ ငါးအကြေးခွံပုံများကြိုတင်ညှပ်ထားပါ။
- အဖွဲ့(၂)ဖွဲ့ခွဲပါ။
- ဆရာက သင်ပုန်းတွင် ငါးရုပ်ပုံကြီး(၂)ပုံဆွဲထားပြီး အကြေးခွံကို ကလေးတစ်ဦးချင်း လာရောက်ထည့်ပါစေ။
- ဤနည်းအတိုင်း ကလေးအားလုံးပါဝင်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးများသွားလာလှုပ်ရှားမှုကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငါးအမျိုးမျိုးပါသောရုပ်ပုံကိုပြ၍ငါးများသွားလာလှုပ်ရှားပုံကိုဆွေးနွေးခြင်း (မိနစ် ၃၀)**

- လူတွေလမ်းလျှောက်တဲ့အခါ ဘာနဲ့လျှောက်သလဲ။
- ငါးတွေရော လမ်းလျှောက်တဲ့အခါ ဘာနဲ့လျှောက်သလဲ။
- ဘယ်လိုလျှောက်သလဲ။(ရေယက်နဲ့ရေကူး)
- ဆရာက ရေယက်နှင့်ရေကူးတာသည် ငါးလမ်းလျှောက်တာဖြစ်ကြောင်း ပြောပြပါ။
- ကလေးများနှင့်အပြန်အလှန်ဆွေးနွေးပါစေ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးပုံဆွဲတတ်ရန်။

လုပ်ငန်းစဉ်။ ။**အကြေးခွံပါသော ငါးပုံဆွဲခြင်း (မိနစ် ၃၀)**

- ကလေးများအား အကြေးခွံပါသော ငါးပုံများဆွဲပါစေ။

**ဗုဒ္ဓဟူးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ည"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ည"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ည"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ည"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- ဆရာက "ည"ဗျည်းကို ရွတ်ဆိုပါက "ည" ဟူ၍ အသံထွက်ရကြောင်းပြောပြပါ။

**"ည"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။
- (ဥပမာ-ညအချိန်၊ ညနေအချိန်)

အသေးစိတ်သင်ယူမှုရလဒ်။ ။"ည"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ည"ဗျည်းကို ကူးရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ ရေးနည်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"N"အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"N"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ A,E,F,H,I,K,L,M,N အက္ခရာအမည်များကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။ **A,E,F,H,I,K,L,M,N အက္ခရာ(၉)လုံးဖြင့် ဘင်ဂိုကစားခြင်း (၁၅ မိနစ်)**

- ယခင် သင်ကြားပြီးသည့် ဘင်ဂိုကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးများစားသောအစားအစာများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငါးများစားသောအစားအစာများမေးမြန်းဆွေးနွေးခြင်း (မိနစ် ၃၀)**

- ဆရာက ကလေးများအား ငါးစားသောအစားအစာများကို မေးမြန်းပါ။
- ကလေးများသိသောငါးစားသည့်အစားအစာများကိုပြောပါစေ။
- သင်ပုန်းတွင်မှတ်တမ်းတင်ပါ။(ဥပမာ-တီကောင်၊ ပေါင်မုန့်၊ ရေညှိ၊ ရေမှော်၊ မြက်ပင် . . . စသည်)
- ကလေးများ မပြောနိုင်က ဆရာက ပြောပါ။
- ကလေးများနှင့် အပြန်အလှန်ဆွေးနွေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါး၏လှုပ်ရှားသွားလာပုံကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ ။**ငါးလေးတစ်ကောင်သီချင်းသီဆိုကစားခြင်း (မိနစ် ၃၀)**

- ကလေးတွေကို ဝိုင်းပြီးထိုင်ခိုင်းပါ။ ကလေးတစ်ဦးကို အလယ်တွင်ရပ်ခိုင်းပါ။ ထိုကလေးက ငါးအဖြစ် သရုပ်ဆောင်ရပါမည်။ ငါးကလေးနှင့်တူအောင် သရုပ်ဆောင်ခိုင်းပါ။ ကျန်ကလေးများက အောက်ပါသီချင်းကို ပြိုင်တူဆိုပါစေ။

DBE BOX

"ငါးလေးတစ်ကောင်"

၁၊ ၂၊ ၃၊ ၄၊ ၅
ငါးလေးတစ်ကောင်ဖမ်းမိတယ်
ဘာဖြစ်လို့ လွှတ်လိုက်တယ်
ကျွန်တော့်လက်ကို သူကိုက်တယ်
အားလားလား အားလားလား။

- အားလားလားအော်သည့် အချိန်တွင် ငါးကလေး အပြင်ထွက်နိုင်အောင် ဝိုင်းထိုင်နေသော ကလေးတွေက ထွက်ပေါက်လုပ်ပေးပါစေ။
- ပထမကလေးထွက်သွားသောအခါ နောက်ကလေးတစ်ဦးကို ရွေးပြီး ငါးလုပ်ခိုင်းပါစေ။
- ဤနည်းအတိုင်း ကလေးအားလုံးကို အလှည့်ကျကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးရုပ်ခေါက်တတ်ရန်။

လုပ်ငန်းစဉ်။ ။**ငါးရုပ်ခေါက်ခြင်း (မိနစ် ၃၀)**

- ဆရာက "ငါးရုပ်ခေါက်ခြင်း" နည်းကိုနမူနာ ခေါက်ပြပါ။
- ဆရာက ကလေးများနှင့်အတူ ငါးရုပ်ခေါက်ပါ။
- ကလေးများစိတ်ကြိုက် ငါးရုပ်ခေါက်ပါစေ။

**ကြာသပတေးနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။"ည"ဗျည်း အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ည"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာရွတ်ဆိုနည်းအတိုင်းသင်ကြားရန်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "ည"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ည"ဗျည်း၏ အသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသည့် ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်းရွတ်ဆိုပါစေ။

**"ည"ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်း**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာ စာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ည"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ည"ဗျည်းကို ကူးရေးခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ ကစားခြင်းနည်းဖြင့် အက္ခရာများကို မှတ်မိစေရန်။

လုပ်ငန်းစဉ်။ ။**ဘင်ဂိုကစားနည်းဖြင့်ကစားခြင်း (မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသော ဘင်ဂိုကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။T အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **T အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"T"အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"T"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။



DPE Box

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၅ ကိန်းကိုရေတွက်တတ်၊ဖတ်တတ်၊ရေးတတ်ရန်။

လုပ်ငန်းစဉ်။ **။၁၅ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (မိနစ် ၃၀)**

- ကလေးများအားအုပ်စုဖွဲ့ကာ အုပ်စုတစ်စုစီအား ရေတွက်၍ ရသော ဝတ္ထုပစ္စည်း ၁၅ ခုနှင့် ၁၅ထိ ပါသောကိန်းကတ်ပြား များကိုပေးထားပါ။ဆရာက ကိန်းတစ်ခု ရွတ်ပြတိုင်း အုပ်စုများက ၎င်းကိန်းနှင့် သက်ဆိုင်သော ကတ်ပြားများကိုပြ၍ ၎င်းကိန်းနှင့် သက်ဆိုင်သော အရေအတွက်ကို ရေတွက်ပြပါစေ။ (ဥပမာ-ဆရာက ၁၅ ဟု ရွတ်ပြလျှင် ကလေးက ၁၅ ကိန်းကတ်ပြားကို ထောင်ပြ၍ အုပ်စုတွင်းရှိကလေးများက ပစ္စည်း ၁၅ ခုကို ရေတွက်ပြပါမည်။ အမြန်ဆုံးပြနိုင်သော အုပ်စုကို အမှတ်ပေးခြင်းဖြင့် ကစားပါ။

**လေထဲတွင်ရေးခြင်း**

- ဆရာက ကလေးများကို ကျောခိုင်း၍လေထဲတွင် ၁၁ မှ ၁၅ ထိကိန်းများကို ရေးပြပါ။
- ကလေးများအား လေထဲတွင် လိုက်ရေးပါစေ။ သုံးကြိမ်ခန့်ပြုလုပ်ပါစေ။

**ကူးရေးခြင်း**

- ၁၅ ကိန်းကို စာအုပ်တွင် ကူးရေးပါစေ။
- ၁၁ မှ ၁၅ထိ ကိန်းများကို ကူးရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါး၏အစိတ်အပိုင်းများကို ပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ငါး၏အစိတ်အပိုင်းကိုကလေးများအား ချိတ်ဆက်ပုံဖော်ခြင်း (မိနစ် ၃၀)**

- ငါးတစ်ကောင်၏အစိတ်အပိုင်းများကိုပြန်လည်ဆွေးနွေးပါ။
- ကလေး(၅)ဦးအား ငါး၏ အစိတ်အပိုင်း တစ်ခုစီပုံကို ဝေပေးထားပါ။
- ငါးတစ်ကောင်၏ ပုံတွင်ကလေးများ ရရှိထားသော အစိတ်အပိုင်းများကို လာရောက်ချိတ်ဆက်စေပြီး ပြောပြပါစေ။
  (ခေါင်း၊ မျက်လုံး၊ ရေယက်၊ အမြီး၊ ပါးစပ်၊ အကြေးခွံ)
- အထက်ပါနည်းအတိုင်း ကျန်ကလေးများလည်း ဆက်လက်ပုံဖော်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ငါးရုပ်ခေါက်တတ်ရန်။

လုပ်ငန်းစဉ်။ **။ငါးရုပ်ခေါက်ခြင်း (မိနစ် ၃၀)**

- ဆရာက " ငါးရုပ်ခေါက်ခြင်း" နည်းကို နမူနာခေါက်ပြပါ။
- ဆရာက ကလေးများနှင့်အတူ ငါးရုပ်ခေါက်ပါ။
- ကလေးများစိတ်ကြိုက် ငါးရုပ်ခေါက်ပါစေ။

သောကြာ

အသေးစိတ်သင်ယူမှုရလဒ်။ ။ ဗျည်းအက္ခရာများ၏ အသံနှင့်အမည်များကို ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ **။"န၊ဓ၊ဒ၊အ"ဗျည်းသံနှင့် အမည်ကို ရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအသံနှင့်အမည် ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါ ထပ်ကျော့စကားလုံးများကို ဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ **။"သီတင်းကျွတ်ရောက်ပြီ"ပုံပြင်ကို ဆရာနှင့်အတူပြောခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသော ပုံပြင်ပြောနည်းအတိုင်း ပြုလုပ်ပါ။

DBE BOX

အသေးစိတ်သင်ယူမှုရလဒ်။   ။ မိမိစိတ်ကူးအတိုင်း ရုပ်ပုံများကို ရေးဆွဲတတ်ရန်။

လုပ်ငန်းစဉ်။   **။ပုံပြင်ပါ ကလေးများနှစ်သက်သော ရုပ်ပုံတစ်ပုံကိုရေးဆွဲစေခြင်း (မိနစ် ၂၀)**

- ပုံပြင်ပါ ကလေးများနှစ်သက်သော ရုပ်ပုံကို ရေးဆွဲပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။   "T"အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။   **။ "T"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင်ရေးဆွဲနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။   ။ A,E,F,H,I,K,L,M,N အက္ခရာအမည်များကို ပြောတတ်ရန်။

လုပ်ငန်းစဉ်။   ။ A,E,F,H,I,K,L,M,N **အက္ခရာ(၉)လုံးဖြင့် ဘင်ဂိုကစားခြင်း (၁၅ မိနစ်)**

- ယခင် သင်ကြားပြီးသည့် ဘင်ဂိုကစားနည်းအတိုင်း ကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။   ။ငါး၏လှုပ်ရှားသွားလာပုံကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။   **။ငါးလေးတစ်ကောင်သီချင်း သီဆိုကစားခြင်း (မိနစ် ၃၀)**

- ငါး၏လှုပ်ရှားသွားလာပုံမေးပြီး ကလေးများ နားလည်သလိုပြောပါစေ။
- ငါးတစ်ကောင် သီချင်းသီဆိုကစားခြင်း။
- ဆရာက အောက်ပါကစားနည်းကိုပြောပြပါ။

**ကစားနည်း**

- ကလေးတွေကိုဝိုင်းပြီးထိုင်ခိုင်းပါ။ ကလေးတစ်ဦးကိုအလယ်တွင်ရပ်ခိုင်းပါ။ ထိုကလေးက ငါးအဖြစ် သရုပ်ဆောင်ရပါမည်။ ငါးကလေးနှင့်တူအောင် သရုပ်ဆောင်ခိုင်းပါ။ ကျန် ကလေးများက အောက်ပါသီချင်းကို ပြိုင်တူဆိုပါ။

**"ငါးတစ်ကောင်"**

၁၊ ၂၊ ၃၊ ၄၊ ၅၊
ငါးလေးတစ်ကောင်ဖမ်းမိတယ်
ဘာဖြစ်လို့လွှတ်လိုက်တယ်
ကျွန်တော့်လက်ကို သူကိုက်တယ်
အားလားလား  အားလားလား

- အားလားလားအော်သည့် အချိန်တွင်ငါးကလေး အပြင်ထွက်နိုင်အောင် ဝိုင်းထိုင်နေသော ကလေးတွေက ထွက်ပေါက် လုပ်ပေးပါစေ။
- ပထမ ကလေးထွက်သွားသောအခါ နောက်ကလေးတစ်ဦးကို ရွေးပြီး ငါးလုပ်ခိုင်းပါစေ။
- ဤနည်းအတိုင်း ကလေးအားလုံးကို အလှည့်ကျကစားပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။   ။၁၅ ထိ ကိန်းများကိုစီစဉ်တတ်၊ယှဉ်တွဲတတ်၊ ရေးတတ်စေရန်။

လုပ်ငန်းစဉ်   ။   **။၁၅ကိန်းကို ဖတ်ခြင်း၊ စီခြင်း၊ ရေးခြင်း (မိနစ် ၃၀)**

**ကိန်းဖတ်ခြင်း**

- ဆရာ၏ စားပွဲပေါ်တွင် ၁ မှ ၁၅ ထိကိန်းကတ်ပြားများကို တင်ထားပါ။
- ၁ မှ ၁၅ထိ ကိန်းကတ်ပြားများ ချိတ်ရန် တန်းကိုသင်ပုန်းပေါ်တွင် ပြုလုပ်ထားပါ။



DBE BOX

- ကလေးတစ်ဦးအားခေါ်၍ တန်းပေါ်တွင် ၁ မှ ၅ ထိ ကိန်းကတ်ပြားများကို အစဉ်လိုက်ချိတ်ပါစေ။
- ကလေးတစ်ဦးအားထပ်ခေါ်၍ ၆ မှ ၁၀ ထိကိန်းကတ်ပြားများကို အစဉ်လိုက် ချိတ်ပါစေ။
- ကလေးတစ်ဦးအားထပ်မံခေါ်၍ ၁၁ မှ ၁၅ ထိ ကိန်းကတ်ပြားများ ချိတ်ပါစေ။ ၁ မှ ၁၅ ထိကို ကလေးအားလုံးနှင့်အတူ ရေတွက်ပါ။
- ထိုနောက် ဆရာ၏စားပွဲပေါ်တွင် ၁ မှ ၁၅ ထိ ကိန်းကတ်ပြားတစ်စုံကို တင်ထားပါ။
- ဆရာက တန်းပေါ်တွင် ကိန်းငါးခုခန့် (ဥပမာ- ၅၊ ၁၀၊ ၁၅) ကို နေရာချန်ထားပြီး ချိတ်ပါ။ လိုနေသော ကိန်းများကို ကလေးများအား အလှည့်ကျလာရောက်ထည့်ပါစေ။ အားလုံး ချိတ်ပြီးပါက ကလေးများအား အစဉ်လိုက်ဖတ်ပါစေ။
- နောက်ပြန်ဖတ်ခြင်း(၁မှ ၁၅ထိ)
- ဤနည်းအတိုင်း ကတ်ပြားလေးခုခန့် (ဥပမာ ၁၄၊ ၉ နှင့် ၄ တို့ကိုနေရာချန်ထားပြီး ချိတ်ပါ နောက်ပြန်လိုနေသော ကိန်းများကို ကလေးများအား အလှည့်ကျ လာရောက် ထည့်ပါစေ။
- ထိုနောက်ကလေးများအား ဖတ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့်လုပ်ဆောင်တတ်စေရန်။

လုပ်ငန်းစဉ်။ ။**"ငါးကလေး"ကဗျာရွတ်ဆိုခြင်း (မိနစ် ၁၀)**

- ကလေးအားလုံးကိုစက်ဝိုင်းပုံရပ်စေပြီးဆရာက ကလေးများ အလယ်တွင် ရပ်ပါ။
- ဆရာက ငါးကလေးတွေ ကဗျာကိုအသံနေအသံထားဖြင့် ၂ ခေါက်ဆိုပြပါ။
- ထို့နောက် ဆရာက အမူအရာဖြင့် ထပ်ဆိုပြပါ။
- ဆရာက ကလေးများနှင့်အတူအမူအရာဖြင့် ဆိုပါ။
- ရှေ့ထွက်ပြီးဆိုချင်သော ကလေးကို ဆိုစေပါ။
- ဤနည်းအတိုင်းကလေးများ စိတ်ကြိုက်ဆိုပါစေ။